# မြန်မာ့အရေးကမ္ဘာမှ အာရုံစိုက်နေစေရေး

အခုလတ်တလောမြန်မာပြည်တွင်းအခြေအနေနဲ့ နိုင်ငံတကာအခြေအနေတွေကိုကြည့်ပြီး စိုးရိမ်စိတ်ပေါ်လာလို့ အခုလို ကျနော့်ရဲ့အတွေးတွေကို မျှဝေလိုက်ပါတယ်၊ အထူးသဖြင့် မြောက်ကိုရီးယားနဲ့ အီရန်အရေးတွေက မြန်မာ့အရေးကို လွှမ်းမိုးသွားမယ့်အလားအလာရှိတဲ့အတွက် ကျနော်တို့အရေးကို ကျနော်တို့ကိုယ်တိုင် ကမ္ဘာကအာရုံစိုက်လာအောင် လုပ်ယူဖို့လိုပြီဆိုတဲ့ စဉ်းစားတွေးတောမှုပါ။

မြောက်ကိုရီးယားက အနုမြူစမ်းသပ်တာတွေ၊ သံသယဖြစ်စရာစစ်လက်နက်တွေကို မြန်မာနိုင်ငံကို ရောင်းချဖို့ သယ်ဆောင်လာတာတွေဟာ နိုင်ငံတကာရဲ့အာရုံကို ဒေါ်စုဆီကနေ မြောက်ကိုရီးယား အနုမြူဘက်ကို ရောက်သွားအောင် လှည့်စားတာဖြစ်တာဖြစ်နိုင်ပါတယ်။ လက်နက်တွေကို မြောက်ကိုရီးယားက ဘယ်လောက်ပဲ ရောင်းချင်ချင် မြန်မာပြည်က မဝယ်ချင်ဘူးဆိုရင် ဘယ်လိုမှ လာပို့ထားလို့ မရပါဘူး။ ဝယ်သူကိုယ်တိုင်က လာပါတော့လို့ ခွင့်ပြုမှ မြောက်ကိုရီးယားက သင်္ဘောနဲ့ လာပို့တာဖြစ်နိုင်ပါတယ်၊ ဒီအကြောင်းအရာကို သုံးသပ်လိုက်လို့ရှိရင် ဒေါ်စုနဲ့ပတ်သက်တာတွေကို မှေးမှိန်သွားအောင် နအဖက တနည်းနည်းနဲ့ ကြံရွယ်နေတယ်ဆိုတာကို ရိပ်မိနိုင်ပါတယ်။

ဧပြီလ ၂၉ ရက်နေ့မှာ အဲန်အဲလ်ဒီက ရွှေဂုံတိုင်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးတဲ့နောက် ပြည်တွင်းနိုင်ငံရေးအခြေအနေ ပြောင်းလဲနိုင်တဲ့ အရိပ်အယောင် ပေါ်လာနိုင်ခြေ ရှိတယ်လို့ တွက်ဆခဲ့ကြပါတယ်။ တနည်းပြောရလို့ရှိရင် အကျပ်အတည်းစုံနဲ့ ကြုံနေရတဲ့ နအဖစစ်အုပ်စုဟာ ရွှေဂုံတိုင်ကြေညာချက်ကို နိုင်ငံရေးအရ တုံ့ပြန်ဖို့ရာ ဖြစ်လာနိုင်တယ်လို့ ယူဆချက်တွေလည်းရှိခဲ့ပါတယ်။

ဒါပေမဲ့ ၂ ပတ်အကြာအထိ နိုင်ငံရေးအရတုံ့ပြန်မှုမပေးပဲငြိမ်နေတဲ့ စစ်အုပ်စုဟာ ဒေါ်စုကို တရားရုံးတင်စစ်ဆေးပြီး ထောင်ချဖို့လုပ်လာခဲ့ပါတယ်။ အဲဒီလုပ်ရပ်ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းဟာ မကြုံဘူးလောက်အောင် တုံ့ပြန်မှုတွေ ပေးခဲ့ကြတာဟာ စစ်အုပ်စုဟာ ဒေါ်စုကို ပြစ်ဒဏ်ချဖို့အစီအစဉ်ကို ရွှေ့ဆိုင်းရတဲ့အထိဖြစ်ခဲ့ပါတယ်။ အဓိကအချက်က နိုင်ငံတကာရဲ့ဖိအား တွန်းအား ပြင်းလွန်းတဲ့အတွက်ဖြစ်ပါတယ်။

ဒီအချိန်မှာ အဲန်အဲလ်ဒီဟာ ဒေါ်စုလွတ်မြောက်ရေးကိုပဲ ဥပဒေကြောင်းအရ ဆက်ပြီးတိုက်နေခဲ့ပါတယ်။ လတ်တလော နိုင်ငံရေးစစ်မြေပြင်မှာ မမျှော်လင့်ပဲ အသာစီးရလာတဲ့အခြေအနေကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံရေးထိုးစစ်ဆင်နိုင်တာမရှိဘူးဆိုတာ တွေ့လာရပါတယ်။

မြန်မာပြည်ရဲ့အဓိကပြဿနာဟာ စစ်တပ်က နိုင်ငံရေးမှာ ဝင်ရောက်ခြယ်လှယ်နေလို့ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတာဟာ အဲဒါတွေရဲ့တစိတ်တပိုင်းဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရအဲန်အဲလ်ဒီဟာ စစ်အာဏာရှင်စနစ်အောက်မှာ အတိုက်အခံပါတီတရပ်အနေနဲ့ နှစ်ပေါင်း ၂၀ ကြာ ကြံ့ကြံ့ခံရပ်တည်နိုင်အောင် ထိန်းသိမ်းထားပေးနိုင်တာကတော့ အလွန်အံ့အားသင့်ဖို့ကောင်းလောက်ပါတယ်၊ စီအီးစီ အဖွဲ့ဝင်အသက်ကြီးလာလို့ ကျန်းမာရေးဆုတ်ယုတ်လာတဲ့အချိန်မှာ စိတ်သွားတိုင်းကိုယ်မပါဖြစ်နေတာတောင် ပါတီ တာဝန်တွေကို အတတ်နိုင်ဆုံးထမ်းဆောင်ဖို့ကြိုးပမ်းနေတာဟာ တကယ့်ကို ချီးကျူးစရာကောင်းလှပါတယ်၊ ဒါပေမဲ့ တာဝန်ပိုင်းရကြည့်မယ်ဆိုရင်တော့ လူထုထောက်ခံမှုပေးထားတဲ့ mandate ကို အပြည့်အဝမသုံးနိုင်တာဟာ နိုင်ငံရေးအရ ဦးဆောင်မှုအားနည်းနေတာကို ဖော်ပြနေသလိုရှိပါတယ်။

ဒေါ်စုကို စီရင်ချက်မချပဲ ရက်ရွှေ့ဆိုင်းခဲ့တာဟာ အဲန်အဲလ်ဒီအတွက် နိုင်ငံရေးကစားကွက်ရွှေ့ဖို့အတွက် နယ်မြေကျယ်ကျယ်ရခဲ့တာဖြစ်ပါတယ်။ အဲန်အဲလ်ဒီ လက်ကိုင်ပြုထားတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ထွန်းရေးအတွက် ပြောင်းလဲနေတဲ့

နိုင်ငံရေးအခြေအနေနဲ့အညီ စစ်အုပ်စုကို ကမ်းလှမ်းတာ ဒါမှမဟုတ် ဆွဲဆောင်တာ ဒါမှမဟုတ် တွန်းအားပေးတာ ဒါမှမဟုတ် ဖိအားပေးတာမျိုး မရှိခဲ့ပါဘူး။ ကျနော့်အမြင်အရပြောရရင် အဲန်အဲလ်ဒီဟာ ကြေညာချက်တခု ထပ်ထုတ်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

ဦးဝင်းတင်ဟာ စစ်အုပ်စုအပေါ် နိုင်ငံတကာဖိအားဆက်ပေးနေဖို့ဟာ အရေးကြီးတယ်လို့ ရောဂတီစာစောင်ကိုပြောခဲ့တာဟာ နည်းဗျူဟာအရ အရေးကြီးပြီး မှန်ကန်လှပါတယ်။ မြန်မာ့အရေးမှာ ပြည်တွင်းအင်အား အထူးသဖြင့်လူထုဟာ ရက်စက်ကြမ်းကြုတ်တဲ့ဖိနှိပ်မှုတွေကြောင့် ကြောက်ရွံ့စိတ် အင်မတန်ကြီးမားနေပါတယ်၊ နိုင်ငံတကာဖိအားဟာ မြန်မာပြည်သူတွေတင်မကဘူး၊ ကျနော်တို့လိုအင်အားစုတွေအတွက်ပါ အရေးပါတဲ့အားဆေးတခွက်ပါ။ ဒါကြောင့် နိုင်ငံတကာဖိအားကို ဆက်လက်ထိန်းထားဖို့လိုတယ်လို့ ဦးဝင်းတင်က ဆိုတာလို့ ကျနော်ထင်ပါတယ်။

အဲန်အဲလ်ဒီ စီအီးစီ ဟာ အခုအချိန်မှာ နိုင်ငံရေးအရ ထိရောက်ပြတ်သားတဲ့ဦးဆောင်မှုကို အောက်ခြေပါတီဝင်ထုကို၊ လူထုကို၊ ဒီမိုကရေစီအင်အားစုတွေကို ပေးဖို့လိုအပ်တယ်လို့ ကျနော်ယုံကြည်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ဖြစ်မလာခဲ့ပါဘူး။

တချိန်တည်းမှာ ထည့်သွင်းစဉ်းစားဖို့လိုတဲ့အချက်က ကမ္ဘာ့နိုင်ငံရေးအခြေအနေပါ၊ မြောက်ကိုရီးယားနဲ့ အီရန်အရေးတွေဟာ ကမ္ဘာမှာ အာရုံစိုက်လာတဲ့အရေးတွေဖြစ်လာနေတာမို့ မြန်မာ့အရေးဟာ နောက်တန်းကို ရောက်သွားနိုင်ပါတယ်။ မြောက်ကိုရီးယားဟာ နောက်ထပ် ဒုံးကျည်တွေပစ်ဖို့ ပြင်ဆင်နေတဲ့ သတင်းတွေ ထွက်နေပါတယ်။ အီရန်ရဲ့ အခြေအနေကလည်း ဆန္ဒပြမှုတွေမှာ သေဆုံးမှုတွေ ဖြစ်နေပါပြီ၊ အီရန်အစိုးရက သမတ ရွေးကောက်ပွဲရလဒ်ကို လက်မခံဆန့်ကျင်ကန့်ကွက်နေတဲ့ ပြည်သူတွေကို အီရန်ကြံ့ဖွတ်တွေနဲ့ လှည့်တိုက်တာတွေ ရှိနေပါပြီ။ ဒီတော့ အီရန်အခြေအနေဟာ ပိုပြီးတင်းမာလာနိုင်ပါတယ်။

ဒီလိုအခြေအနေဟာ နအဖရဲ့အကြိုက်လို့ ယူဆနိုင်ပါတယ်။ သူ့ကို ကမ္ဘာက အာရုံစိုက်မှုတွေကနေ လွန်မြောက်နိုင်လို့ပဲ ဖြစ်ပါတယ်။

ဒီတော့ ကျနော်တို့အနေနဲ့ ပြည်တွင်းမှာ ဒီမိုကရေစီ ရရှိရေး နိုင်ငံရေးအရ လှုပ်ရှားမှုတွေ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေအောင် ဒါမှမဟုတ် နအဖ စိတ်ကြိုက် ပုံသွင်းတာ၊ လှည့်စားတာ မခံရအောင် လုပ်ဖို့ လိုတယ်လို့ ထင်ပါတယ်။

နိုင်ငံရေးအရ ထိထိရောက်ရောက် တိုက်ကွက်ဆင်ဖို့ ရှုန်းကန်နေရတဲ့ အဲန်အဲလ်ဒီ စီအီးစီကို "လုပ်ကြပါလို့" ထပ်တလဲလဲ တွန်းအားပေးနေရုံနဲ့တော့၊ တနည်းအားဖြင့် အဲန်အဲလ်ဒီ ထိပ်ပိုင်းခေါင်းဆောင်တွေချည်း အလုပ် လုပ်နေရုံနဲ့ အလုပ်မဖြစ်တော့ဘူးလို့ ကျနော် ထင်ပါတယ်။ ဒီတော့ အဲန်အဲလ်ဒီ အောက်ခြေအဖွဲ့ဝင်တွေ ကိုယ်တိုင်ကပါ ပါတီရဲ့ မူဘောင်တွေထဲကနေ လှုပ်ရှားလာနိုင်မယ့် နည်းဗျူဟာသစ်တွေကို အရင့်အရင်တွေကထက် ပိုပြီး ကြံဆရှာဖွေ လုပ်နိုင်ကြရင် ကောင်းမယ်လို့ ထင်ပါတယ်။ ဥပမာ- ဒေါ်စုမွေးနေ့အတွက် ဓါတ်ပုံလှုပ်ရှားမှုမျိုး ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်တဲ့အကြောင်း စီအီးစီ လူကြီးတွေကလည်း ပြောထားပြီးပါပြီ။

(၁) ဒေါ်စုလွှတ်ပေးရေးအတွက် ဖိအားပေးတဲ့အနေနဲ့ ပထမအဆင့်မှာ ပါတီဝင်တွေကြားမှာ တရားရုံးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပါတီပြောရေးဆိုခွင့်ရှိသူတွေ ပြောဆိုချက်တွေကို အသိပေးဖြန့်ဝေတာမျိုး၊ ဆွေးနွေးတာမျိုးကို လုပ်ဖို့ ပါပဲ။ အဲဒီကမှတဆင့် လူထုကြားထဲကို ဒေါ်စုအခြေအနေနဲ့ပတ်သက်ပြီး အဆက်မပြတ်သိနေအောင် နှီးဆွပေးတဲ့အနေနဲ့ သတင်းအချက်အလက်တွေကို ဖြန့်ချိပေးရေးကို လုပ်ဖို့ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒေါ်စုနဲ့ ပတ်သက်ရင် အဲန်အဲလ်ဒီရော၊ လူထုပါ အမြဲနိုးကြားနေတယ်၊ ငြိမ်မနေဘူးဆိုတာကို နအဖသိအောင် လုပ်တာဘဲ

ဖြစ်ပါတယ်။ ဒီလုပ်ရှားမှုဟာ အဲန်အဲလ်ဒီရဲ့ဘောင်ကို ကျော်တယ်လို့ မထင်ပါဘူး။ ပါတီခေါင်းဆောင် လွတ်မြောက်ရေး လှုပ်ရှားမှုဖြစ်လို့ပါပဲ။

(၂) အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးလှုပ်ရှားမှုကို လုပ်ဖို့ဖြစ်ပါတယ်။ ဒီဟာက အဲန်အဲလ်ဒီက နအဖကို တောင်းဆိုထားတဲ့ အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရေး ကော်မတီဖွဲ့စည်းပေး ဆိုတဲ့ ဘောင်အတိုင်း လုပ်ဆောင်တဲ့လှုပ်ရှားမှုဖြစ်ပါတယ်။ ပထမအဆင့်မှာ ပါတီတွင်းဆွေးနွေးမှု၊ သုံးသပ်မှု၊ အကြံပြုမှုတွေလုပ်ဖို့ ဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး လူထုသိအောင် ရှင်းလင်းချက်၊ ဝေဖန်ချက်၊ သုံးသပ်ချက်တွေကို ထပ်ဆင့်ဖြန့်ချိတာ၊ အသိပေးစည်းရုံးတာတွေကို လုပ်ဖို့ဖြစ်ပါတယ်။ လူထုအများစုဟာ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး နည်းနည်းအလှမ်းဝေးနေတာကိုတွေ့ရပါတယ်။ အခြေခံဥပဒေဟာ အရေးကြီးတဲ့အရာ ဖြစ်တယ်ဆိုတာကို လူထုကသိရှိလာစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒီကနေတဆင့် လူထုကို နိုးကြားနေအောင် နှိုးဆွထားတဲ့သဘောဖြစ်ပါတယ်။

(၃) အတွေ့အကြုံရင့်ကျက်တဲ့ သက်ကြီးဝါကြီးတွေကို ကျန်းမာရေးကောင်းပြီး တွေးခေါ်မြော်မြင်နိုင်စွမ်းအားကောင်းသူ လူသစ်တွေနဲ့ တွဲလုပ်ဖို့ အချိန်တန်နေပါပြီ။ မျိုးဆက်သစ်တွေဘက်က ပံ့ပိုးနိုင်စွမ်းကောင်းလာအောင်၊ အတွေ့အကြုံတွေ ရင့်ကျက်တိုးတက်လာအောင် လက်တွဲခေါ်သင့်တယ်လို့ ကျနော်ထင်ပါတယ်၊ ဒါဟာ လက်တွေ့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာတွေကိုဖြေရှင်းရာမှာ အဲန်အဲလ်ဒီကို ပိုမို အားကောင်းလာအောင်ဖြည့်ဆည်းပေးနိုင်မယ့် အယူအဆတရပ်ကို တင်ပြတာဖြစ်ပါတယ်။ ကိုယ်ကျိုးစွန့်အနစ်နာခံတဲ့ တတ်သိပညာရှင်တွေအတော်များများဟာ အဲန်အဲလ်ဒီထဲမှာ စုနေတာကြောင့် ဒေါ်စုပြီးရင် လူအများသိရှိလက်ခံတဲ့သူ၊ ပြည်သူများလက်ခံတဲ့သူတယောက်ကို မျိုးဆက်သစ်ခေါင်းဆောင် တယောက်အဖြစ်အနေနဲ့ မမွေးထုတ်နိုင်စရာအကြောင်း သိပ်မရှိလှပါ။

ကျနော့်မိတ်ဆွေရဲဘော်များ စဉ်းစားဆွေးနွေးဝေဖန်မှုများပြုပြီးတော့ သင့်တော်မယ့်လှုပ်ရှားမှုတွေကို ဆုံးဖြတ် အကောင်အထည်ဖော်စေလိုပါတယ်။ လိုအပ်တဲ့ နည်းလမ်း၊ အကြံပေးနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျနော့်ရဲ့အခြေခံထားတဲ့ စဉ်းစားမှုက ကျနော်တို့အရေးကို ကျနော်တို့ကိုယ်တိုင် ကမ္ဘာကအာရုံစိုက်နေအောင်လုပ်ဖို့ပါပဲ။ ဒီတော့ ကျနော်တို့ဟာ ဖြစ်နိုင်ခြေရှိ မယ့်နည်းလမ်းတွေကို အမြန်ဆုံးစဉ်းစားအကောင်အထည်ဖော်ဖို့လိုမယ်လို့ ထင်ပါတယ်။ ပြည်တွင်း ပြည်ပရှိ အင်အားစုတွေ အထူးသဖြင့် ပြည်တွင်းအင်အားစုများအတွက် လုပ်ဆောင်ဖော်ဆောင်ရေး နည်းလမ်းတွေ၊ အကြံတွေ စဉ်းစားတွေးတောမှုတွေကို ဖလှယ်နိုင်ဖို့၊ သင်တန်းတွေပေးနိုင်ဖို့အတွက် ကျနော်လည်း လက်လှမ်းမီသရွေ့ အစွမ်းရှိသရွေ့ ကြိုးစားသွားပါမယ်။ ကျနော့်ထံ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ sayarkway@gmail.com ပါ။

ကျော်ကျော်စိုး

(ဂျပန်)

ဇွန်လ ၁၇ ။ ၂၀၀၉ ခုနှစ်